## (၆.၁၁.၂၀၂၀) မှ (၁၁.၁၁.၂၀၂၀) အထိရွှေနှင့်အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် Covid-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာ့ရွှေဈေး အပြောင်းအလဲများကြောင့် ပြည်တွင်းရွှေဈေးကွက်တွင်လည်း အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာလ ၆ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၄၄ ဒေါ်လာ ပေါက်ဈေးရှိခဲ့ပြီး နိုဝင်ဘာလ ၉ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၅၇ ဒေါ်လာထိ မြင့်တက်လာခဲ့ပြီး နိုဝင်ဘာလ ၁၁ ရက်တွင် ၁၈၈၁ ဒေါ်လာသို့ ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။

ပြည်တွင်းရွှေဈေးသည် နိုဝင်ဘာလ ၆ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၃၁၈၀၀၀ ဖြစ်ပေါ်ခဲ့ပြီး နိုဝင်ဘာလ ၉ရက်တွင် ကျပ် ၁၃၁၆၀၀၀ မှ ၁၁ ရက်တွင် ကျပ် ၁၃၁၂၀၀၀ ပေါက်ဈေးဖြစ်ပေါ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရပါသည်။ ရွှေဈေးသည် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်း အခြေအနေများပေါ်တွင် များစွာမူတည်လျက်ရှိကြောင်း သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂ ရက်နေ့မှ ၁၁ ရက်နေ့အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၂.၁၁.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၈၈၄ |
| ၂ | ၃.၁၁.၂၀၂၀ | ၁၃၁၃၀၀၀ | ၁၈၉၆ |
| ၃ | ၄.၁၁.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၉၀၂ |
| ၄ | ၅.၁၁.၂၀၂၀ | ၁၃၁၆၀၀၀ | ၁၉၀၄ |
| ၅ | ၆.၁၁.၂၀၂၀ | ၁၃၁၈၀၀၀ | ၁၉၄၄ |
| ၆ | ၉.၁၁.၂၀၂၀ | ၁၃၁၆၀၀၀ | ၁၉၅၇ |
| ၇ | ၁၀.၁၁.၂၀၂၀ | ၁၃၁၂၀၀၀ | ၁၈၈၆ |
| ၈ | ၁၁.၁၁.၂၀၂၀ | ၁၃၁၁၀၀၀ | ၁၈၈၁ |

Source: estimate of world's exchange rate and gold price page

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက်များအရ GDP Growth 6.80 % ၊ Annual Rate of Inflation 6.43 %၊ Year on Year Inflation 1.84 % ရှိသည်ကို လေ့လာသိရှိရပါသည်။

ယခုနှစ်အတွင်း ပြည်တွင်း ငွေကြေးဖောင်းပွမှုနှုန်းသည် ခုနှစ်လဆက်တိုက် ကျဆင်းလာခဲ့ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ဗဟိုစာရင်းအင်းအဖွဲ့က နိုဝင်ဘာ ၉ ရက်တွင် ထုတ်ပြန်ခဲ့သည်ကို သိရှိရပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့သည် နိုဝင်ဘာ ၉ ရက်တွင် စက်တင်ဘာလအတွက် ငွေကြေးဖောင်းပွမှု အစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယင်းအစီရင်ခံစာအရ ယခုနှစ်မတ်လမှစ၍ စက်တင်ဘာလအထိ လစဉ်ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းလာခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ် ဇန်နဝါရီလတွင် ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်း ၉ ဒသမ ၀၆ ရာခိုင်နှုန်း၊ ဖေဖော်ဝါရီလတွင် ငွေကြေးဖောင်းပွမှုနှုန်း ၉ ဒသမ ၂၀ ရာခိုင်နှုန်း၊မတ်လတွင် ငွေကြေးဖောင်းပွမှုနှုန်း ၉ ဒသမ ၁၀ ရာခိုင်နှုန်း၊ ဧပြီလတွင် ငွေကြေးဖောင်းပွမှုနှုန်း ၈ ဒသမ ၈၀ ရာခိုင်နှုန်း၊ မေလတွင် ငွေကြေးဖောင်းပွမှုနှုန်း ၈ ဒသမ ၃၅ ရာခိုင်နှုန်း၊ ဇွန်လတွင် ငွေကြေးဖောင်းပွမှုနှုန်း ၇ ဒသမ ၉၁ ရာခိုင်နှုန်း၊ ဇူလိုင်လတွင် ငွေကြေးဖောင်းပွမှုနှုန်း ၇ ဒသမ ၁၄ ရာခိုင်နှုန်းနှင့် ဩဂုတ်လတွင် ငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၄၃ ရာခိုင်နှုန်းအထိကျဆင်းခဲ့ကာ နောက်ဆုံးတွက်ချက် ထုတ်ပြန်ထားသော စက်တင်ဘာလအတွက် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၅ ဒသမ ၈၁ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရှိရပါသည်။

မတ်လတွင် မြန်မာနိုင်ငံ၌ COVID–19 ရောဂါဖြစ်ပွားမှု စတင်တွေ့ရှိခဲ့ပြီး နောက်ပိုင်းတွင် ငွေကြေးဖောင်းပွမှုနှုန်းမှာ သိသာစွာကျဆင်းလာခဲ့ပြီး COVID–19 ရောဂါ သက်ရောက်မှုကြောင့် နိုင်ငံ၏စားသုံးသူဝယ်လိုအားကျဆင်းလာပြီး နိုင်ငံ၏ငွေကြေးဖောင်းပွနှုန်းကို လျော့ကျလာစေခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့၏ ထုတ်ပြန်ချက်အရ စက်တင်ဘာလတွင် အခြေခံစားကုန်များဖြစ်သည့် ဆန်(ဧည့်မထ)၊ စားအုန်းဆီ၊ ဝက်သား၊ အမဲသား၊ ဘဲဥ၊

ငါးမြစ်ချင်း၊ ပုစွန်ခြောက်နှင့် ငါးရံ့ခြောက်ဈေးနှုန်းများ မြင့်တက်မှုရှိခဲ့ပြီး ကြက်သား၊ ကြက်ဥ၊ ငါးခူနှင့်ငါးရံ့ဈေးနှုန်းများမှာ ကျဆင်းခဲ့ကြောင်း၊ စားသောက်သီးနှံများနှင့် ရာသီပေါ်သီးနှံများမှာ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

စက်တင်ဘာလအတွင်း အမေရိကန်ဒေါ်လာ ငွေကြေးလဲလှယ်နှုန်းနှင့် ပြည်ပမှတင်သွင်းသည့် လောင်စာဆီ ဈေးနှုန်းများကျဆင်းခဲ့ပြီး ရွှေဈေးမှာ မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ယခုနှစ်အတွင်း ဝယ်လိုအား အားနည်းမှုနှင့် ကုန်စည်ဈေးနှုန်း ကျဆင်းမှုတို့၏ သက်ရောက်မှုကြောင့် မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်မှု အရှိန်လျော့ကျလာခဲ့ကာ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၆.၀၀ ရာခိုင်နှုန်း ရှိမည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်က သုံးသပ်ခဲ့ပါသည်။ ထို့အပြင် ပြည်တွင်းဝယ်လိုအား လျော့နည်းမည့် အခြေအနေကြောင့် လာမည့် ၂၀၂၁ ခုနှစ်တွင်လည်း နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေသည် အနိမ့်ပိုင်းတွင် သာရှိနေမည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်း ၆.၀၀ ရာခိုင်နှုန်းသာဆက်လက်ရှိနေမည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်က ခန့်မှန်းထားသည်ကို သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၆ ရက်နေ့မှ ၁၁ ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသောနိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-


တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၆-၁၁-၂၀၂၀ | ၉-၁၁-၂၀၂၀ | ၁၀-၁၁-၂၀၂၀ | ၁၁-၁၁-၂၀၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၂၈၇.၁ | ၁၂၈၈.၃ | ၁၂၉၅.၇ | ၁၂၉၇.၇ | ၀.၈၂ | ↑ |
| ၂ | Thai Baht | THB | ၃၀.၅၆၅ | ၃၀.၅၁၅ | ၃၀.၄၆၀ | ၃၀.၂၉၅ | -၀.၈၈ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၄၈ | ၁.၃၄၃ | ၁.၃၄၆ | ၁.၃၄၉ | ၀.၀၇ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၁၃၆ | ၄.၁၁၀ | ၄.၁၂၂ | ၄.၁၃၁ | -၀.၁၂ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၄၂၁၀ | ၁၄၀၆၃ | ၁၄၀၅၀ | ၁၄၀၈၆ | -၀.၈၇ | ↓ |
| ၆ | Chinese Yuan | CNY | ၆.၆၂၀ | ၆.၅၇၆ | ၆.၅၉၈ | ၆.၆၂၂ | ၀.၀၃ | ↑ |
| ၇ | Indian Rupee | INR | ၇၄.၁၂၉ | ၇၄.၀၄၄ | ၇၄.၂၀၅ | ၇၄.၂၈၂ | ၀.၂၁ | ↑ |
| ၈ | Japanese Yen | JPY | ၁၀၃.၄၄၁ | ၁၀၃.၅၆၁ | ၁၀၅.၀၈၅ | ၁၀၅.၅၁၃ | ၂.၀၀ | ↑ |
| ၉ | Australian Dollar | AUD | ၁.၃၇၆ | ၁.၃၇၃ | ၁.၃၇၃ | ၁.၃၇၂ | -၀.၂၉ | ↓ |
| ၁၀ | Euro | EUR | ၀.၈၄၄ | ၀.၈၄၂ | ၀.၈၄၅ | ၀.၈၄၉ | ၀.၅၉ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၇၆၁ | ၀.၇၆၀ | ၀.၇၅၇ | ၀.၇၅၃ | -၁.၀၅ | ↓ |

Source– Central Bank of Myanmar

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ နိုဝင်ဘာလ ၆ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၂၈၇ ဒသမ ၁ ကျပ်ရှိခဲ့ရာမှ နိုဝင်ဘာလ ၁၁ ရက်တွင် တစ်ဒေါ်လာလျှင် ၁၂၉၇ ဒသမ ၇ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း ၀.၈၂ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၁၁ ရက်နေ့အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေ လဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်–




ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၀၁ ကျပ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၀၇ ကျပ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၁၀ ကျပ်နှင့် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၁၆ ကျပ် အသီးသီး ပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

**ကေသွယ်(တန့်ဆည်မြေ)**